## နိဒါန်း

ရပ်စ်ပြူတင်အကြောင်းကို စာအုပ်ပေါင်း တစ်ရာကျော် ရေးသားထုတ်ဝေခဲ့ကြသည်ကို ထောက်လျှင် ထိုပုဂ္ဂိုလ်သည် နယ်နယ်ရရ မဟုတ်ကြောင်း ထင်ရှားသည်။

သူ့ဓာတ်လမ်းကို ၁၉၅၅ ခုနှစ်ခန့်က တခမ်းတနား ရုပ်ရှင်ရိုက်ခဲ့ရာ အိတ်ဆယ်စီယာရုံ(ယခု ဝဇီရာရုံ)တွင် ပြသခဲ့ဖူး၏။

တကယ်တော့လည်း ရပ်စ်ပြူတင်၏ အဖြစ်အပျက်မှာ အနှစ်ရှစ်ဆယ်မျှသာ ကြာသေး၍ ပူပူနွေးနွေးလေးဟု ဆိုနိုင်သည်။

ဆန်းကြယ်လှို့ဝှက်မှုပါဝင်သော ဖြစ်ရပ်မှန်ဓာတ်လမ်းတွင် ရုရှားနိုင်ငံမှ နောက်ဆုံးဘုရင်၏ တော်ဝင်မိသားစုနှင့် ယှက်နွယ်နေသဖြင့်လည်း အကျော်တကြား (Natorious) ဖြင့် စိတ်ဝင်စားခဲ့ကြရခြင်းလည်း ဖြစ်၏။

ရပ်စ်ပြူတင် ဆိုသည်ကား -

သူ့ကိုယ်သူ ဘုရားသခင်တမန်တော် အမည်ခံလျက် သေသောက်ကျူးကျူး ကာမဂုဏ်ယစ်မူးခဲ့သူ သီလကြောင် ဒုစရိုက်သမား။

တရားဝင်ရာထူး မဟုတ်လင့်ကစား နိုင်ငံ့ဥသျှောင်ဧကရာဇ်ဘုရင်၏ နောက်ကွယ်က ကြိုးဆွဲဆရာကြီး။

'ဘုရင့်ထက် ဓားထက်သည်' ဟု ဆိုရလောက်အောင် တန်ခိုးအာဏာပြင်းခဲ့သည်နှင့်အမျှ စိတ်ညို့ပညာကို တတ်ကျွမ်းသော မကောင်း



ဆိုးဝါးမှော်ဝိဇ္ဇာ။ တစ်နည်း ရင်ခွေ့လှုံဂိုဏ်းခေါင်းဆောင် မိစ္ဆာဒိဋ္ဌိအရည်းကြီး။ တချို့အဆိုအရ ကလိမ်ချဲ့ နှစ်ဘက်ချွန် သူလျှိုကြီး။

သူသည် မိဖုရားကြီးကို အယုံသွင်းစည်းရုံးပြီး မယားကြောက်ဇာဘုရင်၏ ခေါင်းပေါ်တက်ကာ နန်းတော်တစ်ခုလုံးသာမက တစ်ပြည်လုံး၏လူမှုရေး၊ စီးပွားရေး၊ နိုင်ငံရေး၊ စစ်ရေး ပါမကျန် ဝင်ရောက် ခြယ်လှယ်ညွှန်ကြားပေးခဲ့ရာမှ ပတ်သက်မိသူအားလုံး ကမောက်ကမ ချောက်ကျ၍ အဖြစ်ဆိုးကုန်ရသည်။

ဤနေရာတွင် ဝါဝါမြင်တိုင်း ရွှေထင်၊ တိုက်ဆိုင်မှုနှင့် အထူးအဆန်း ဖန်တီးမျက်လှည့်ပြနိုင်လျှင် တန်ခိုးရှင်၊ သိဒ္ဓိရှင်ဟုမှတ်ကာ၊ စုန်းယောင်ယောင် နတ်ယောင်ယောင် ဟောကိန်းထုတ်ပြပါက ရှိသမျှပုံအောျ ဘဝပါပေးအပ် ယုံစားတတ်ကြရာမှ ငါးပါးမှောက်အဖြစ်ဆိုးကိုယ်ကျိုးနည်းကြရသည့်အဖြစ်များက ဤစာအုပ်၏ အဓိကသင်ခန်းစာဖြစ်ပါလိမ့်မည်။

ဘိုးတော်တု ဘိုးတော်ယောင်အသွင် ဓယားချ စားပေါက်ထွင်သောပညာသည် ယနေ့ခေတ်မှ မဟုတ်။ ရှေးပဝေသဏီ နှစ်ပေါင်း ရာထောင်ချီကတည်းက ထွန်းကားခဲ့သည်။

လူတွေကလည်း အဆန်းသား။

ခေတ်အဆက်ဆက် ဖြောင့်မတ်ရိုးသားသူကို အထင်မကြီး၊ လူမသာမာတွေက ဟိတ်တစ်လုံး ဟန်တစ်လုံးထုတ်၍ ယုတ်မာကောက်ကျစ်စွာ လိမ်ညာတာမှ အဟုတ်မှတ်ကြ၏။

တန်ခိုးရှင်ဆိုသူတွေနောက် တကောက်ကောက်လိုက်၍ မျက်စိအောက်တွင် မရှုနိုင် မကယ်နိုင် ရင်ကွဲပက်လက် အထိနာရပုံတွေ မျက်မြင်ကြုံတွေ့နေရသော်လည်း မာယာသမားတို့၏ မှုသားထောင်ချောက်ထဲ အလုအယက် ခေါင်းတိုးဝင်နေကြဆဲ။

ထိုထိုလူစားတွေကို ဤစာအုပ်ဖြင့် အချက်ပြ သတိပေးသည်ဟုလည်း ဆိုနိုင်၏။

ရပ်စ်ပြူတင်၏ ဆိုးညစ်ယုတ်ကန်းမှုက စာဖွဲ့မကုန်ပါ။



ရွှေကို မြူ၊ ငွေကို ချူ၊ လူကိုယူ နန်းတော်ကြီးပါ ခါးပိုက်ထဲထည့်၊ တစ်နိုင်ငံလုံး ခြေမနှင့်ညှပ်ပြီး ကစားဖို့အထိ အကြံကြီးခဲ့သည်။

ထို့ကြောင့်ပင် သက်ဦးဆံပိုင်ဘုရင်စနစ် ပျက်သုဉ်း၍ ရုရှားတော်လှန်ရေး ပေါ်ထွန်းရသည်မှာ သူ့ပယောဂ မကင်းပါဟု ယိုးစွပ်ခံရသည်။

သူ့စနက်မိ၍ ဘဝနာ၊ ထိခိုက်နစ်မွန်းသူတွေ၏ ပြုံးဖွဲ့မှုန်းတီးခြင်းလည်း ခံရသည်။

နောက်ဆုံး ရပ်စ်ပြူတင်သည် ဘိုးတော်ပီသစွာ အသက်ရာကျော်ထောင်ကျော်မရှည်ဘဲ သူ့အကုသိုလ်၏ တန်ပြန်ဒဏ်ခတ်မှုကို ခံရသလိုအသေဆိုးနှင့် ဇီဝိန်ကြွေခဲ့ရသည်။

မပေါင်းထိုက်သူကို ပေါင်းခြင်း၊ မပူဇော်ထိုက်သူကိုပူဇော်ခြင်း၊ ဆရာမတင်ထိုက်သူကို ဆရာတင်ခြင်း စသော မဟာအမှားကြီးများမှားခဲ့သော မိဖုရားနှင့် ဇာဘုရင်တော်ဝင်မိသားစု ခမျာလည်း ပြိုလဲဝင်၊ ကပ်သင့်ပြီး ဒုက္ခသောကပင်လယ်ဝေ၍ အိမ်နိမ့်စံအကျဉ်းခံဘဝဖြင့်မထင်မရှား ရေတိမ်နစ်ကြရသည်မှာ သံဝေဂယူလောက်ပါ၏။

စာရေးသူသည် ယခုစာအုပ်ကို

(၁) ၁၉၆၇ ခုနှစ် FONTANA စာအုပ်တိုက် ထုတ်Ren'e Fulop Miller ၏ The Holy Devil ကို အခြေပြုကာ

(၂) Redear's Digest မှ Heinz Liepman ၏ The Mad Monk of Russia အနှစ်ချုပ် ဆောင်းပါးဝတ္ထုနှင့်

(၃) ရပ်စ်ပြူတင်ကိုသတ်သူ Felix Yusupor မင်းသားကိုယ်တိုင်ရေး How I Killed Reputin (အော့စ်ဝဲလ်ရေးနှား၏ အင်္ဂလိပ်စာအုပ်) ကို ဆရာကြီးဦးထွန်းဖေ(ထွန်းနေ့ဥ) ဘာသာပြန်ဆိုသော 'နန်းတွင်းပျောက်စေဆရာကြီး ရပ်စ်ပြူတင်'

စာအုပ်နှစ်အုပ်ကို ပေါင်းစပ်ပြီး မှီငြမ်းပြုရေးထားခြင်း ဖြစ်ပါသည်။

အထက် စာနှစ်အုပ် (၁) နှင့် (၂) သည် ကရင်မလင်ဖိုင်များ၊



ဇာဘုရင်၏ အော့စရာနာလျှို့ဝှက်ပုလိပ်အဖွဲ့၏ မှတ်တမ်းများကို အခိုင်အလုံ ကိုးကားထားကြောင်း သိရပါသည်။

စင်စစ်တော့ ဤစာအုပ်သည် သာမာန်ဝတ္ထုဓာတ်လမ်းမျှသာ မဟုတ်။ သမိုင်းနောက်ခံ အတ္ထုပ္ပတ္တိဖြစ်သလို၊ သမိုင်းမှတ်တမ်း တစ်ခုလည်း ဖြစ်ပါသည်။

သို့ဖြစ်၍ ရသပုံစံနှင့် ဓာတ်ကွက်ဓာတ်လမ်းများ ပါရှိသကဲ့သို့ သမိုင်းကြောင်းကို ရှင်းတမ်းထုတ်ချက်များကိုလည်း တွေ့ရမည်မှာ မလွဲပါ။

မည်သို့ပင်ဖြစ်စေ -

နှစ်ဆယ်ရာစု၏ အမှားများကို နှစ်ဆယ့်တစ်ရာစု လူသားများ အနေဖြင့် သိရှိ ဆင်ခြင် ရှောင်ကြဉ်နိုင်ရန် ရည်ရွယ်လျက် ကြိုးစားပမ်းစား ရေးသားတင်ပြခဲ့ခြင်းသာ ဟူ၍ -

ဘာသာပြန်သူ